# အာသံပြည်နယ် Guwahati မြို့၌ ကျင်းပသော Start & Stand Up North East ဆွေးနွေးပွဲသို့ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး တက်ရောက်အမှာစကားပြောကြားခဲ့ခြင်း

အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်သည် စီးပွားရေးသံမှူး ဦးနေအေးလွင် လိုက်ပါလျက် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် အာသံပြည်နယ် Guwahati မြို့၊ Maniram Dewan Trade Centre ၌ ကျင်းပသည့် Start & Stand Up North East ဆွေးနွေးပွဲသို့ တက်ရောက်ပြီး ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲသို့ အိန္ဒိယနိုင်ငံ MSME Export Promotion Council မှ ဥက္ကဋ္ဌ Dr. D S Rawat ၊ အိန္ဒိယအရှေ့မြောက်ဒေသ ပါလီမန်အဖွဲ့ဝင်များဖိုရမ်မှ လွှတ်တော်အမတ် Mr. Bhubaneswar Kalita ၊ မဏိပူရ်ပြည်နယ်မှ လွှတ်တော်အမတ် Mr. Rajkumar Ranjan Singh ၊ နိုင်ဂျာနိုင်ငံမှ ဒုတိယသမ္မတ Mr. Liman Elhadji Ali ၊ ဆိုမာလီယာနိုင်ငံမှ စိုက်ပျိုးရေးဝန်ကြီး Mr. Ali Ardullelsgoone ၊ ဂါနာသံရုံးနှင့် နိုင်ဂျီးရီးယားသံရုံးတို့မှ သံအမတ်ကြီးများအပါအဝင် အခြား ဖိတ်ကြားထားသည့် သံရုံးများမှ ကိုယ်စားလှယ်များ တက်ရောက်လျက် ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

ဆွေးနွေးပွဲအပြီးတွင် သံရုံးများမှ ကိုယ်စားလှယ်များသည် ဒေသခံ MSMEs လုပ်ငန်းများ၏ အော်ဂဲနစ်စိုက်ပျိုးရေး ထုတ်ကုန်များ၊ အရန်သင့်စားသုံးရန် ပြုပြင်ထုပ်ပိုးထားသည့် စားသောက် ကုန်များ၊ ချည်ထည်နှင့် လက်မှုပစ္စည်းများ၊ ဝါး၊ ကြိမ်တို့ဖြင့် ထုတ်လုပ်ထားသည့် ပရိဘောဂနှင့် အသုံးအဆောင်ပစ္စည်းများအား ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြပါ သည်။